## အမှာ

ဒီစာအုပ်မှာ မော်ဒန်၊ ပို့စ်–မော်ဒန်၊ ပို့စ်–ပို့စ်မော်ဒန်တွေရဲ့ သမိုင်းကြောင်းအခြေခံကို အဓိကထားဖော်ပြထားပါတယ်။ ပို့စ်မော်ဒန်အကြောင်း အနောက်လူ့အဖွဲ့အစည်းမှာ အဓိပ္ပာယ်ဖွင့်ကြတဲ့အခါ (၁)မော်ဒန်ကနေ ဆန့်ထွက်လာတာ၊ (၂) မော်ဒန်ကို ဆန့်ကျင်ပြီး ထွက်လာတာဆိုတဲ့ ဖွင့်ဆိုချက်မျိုးတွေ ပေးတတ်ကြလေ့ ရှိပါတယ်။ ဒီစာအုပ်မှာ ပညာရှင်တွေ ဘာကြောင့် ဒီလိုမှတ်ချက်ချရသလဲ၊ မော်ဒန်ကနေ ဆန့်ထွက်တယ်လို့ ဘာကြောင့် ပြောရသလဲ၊ မော်ဒန်ကနေ ဆန့်ထွက်လာတဲ့ ပို့စ်မော်ဒန်ဟာ ဘယ်လိုသဘောရှိသလဲ၊ မော်ဒန်ကို ဆန့်ကျင်ထွက်လာတဲ့ ပို့စ်မော်ဒန်တွေဟာ ဘာတွေလဲ၊ ဘယ်လိုသဘောရှိသလဲကို ရေးသားဖော်ပြထားတယ်။ နောက်ဆုံးအပိုင်းမှာတော့ ယနေ့ခေတ်ပြိုင် အနောက်တိုင်းပညာရပ်အသိုင်းအဝိုင်းမှာ စတင်တည်ဆောက်ဖို့ ကြိုးစားလာပြီဖြစ်တဲ့ ပို့စ်ပို့စ်မော်ဒန်အကြောင်း အမြည်းမျှ ဖော်ပြထားတယ်။ အမြည်းမျှ ဖော်ပြထားတယ်လို့ဆိုရတဲ့ အကြောင်းက ပို့စ်–ပို့စ်မော်ဒန်စာပေ အရေးအသားကို ပညာရှင်အများစုက အုတ်အော်သောင်းနင်း ရေးသားဖော်ပြနေတဲ့ ပုံစံမျိုးကို မတွေ့ရသေးတဲ့အတွက်ပဲ။ ဒုတိယမျိုးဆက် ပို့စ်မော်ဒန်ကိုတော့ ပညာရှင်တစ်ဦးချင်း ရေးသားတဲ့ စာအုပ်တွေမှာသာမက စုပေါင်းစပ်ပေါင်းရေးကြတဲ့ စာပေသမိုင်းဆိုင်ရာစာအုပ်တွေမှာပါ ဖော်ပြထားတာကို တွေ့ရမယ်။

ပို့စ်မော်ဒန် ဒုတိယမျိုးဆက်ဟာ ယနေ့ကျွန်တော်တို့ဆီမှာ လက်ခံထားတဲ့ ပထမမျိုးဆက်ပို့စ်မော်ဒန်ရဲ့ ပုံသဏ္ဌာန် အစွန်းရောက်မှုကို ဖယ်ခွာထားတဲ့ အရေးအသားတွေပါပဲ။ ဒီစာအုပ်ပါ မော်ဒန်၊ ပို့စ်–မော်ဒန်၊ အထူးသဖြင့် ပို့စ်–ပို့စ်မော်ဒန်အကြောင်း ဖော်ပြချက်ဟာ ကျွန်တော်အနေနဲ့ အနောက်တိုင်းစာပေ အယူအဆကို ဘယ်သူမှ ရေးသားဖော်ပြခြင်း မပြုမီ ဖော်ပြလိုခြင်း၊ တင်သွင်းလိုခြင်း မဟုတ်ဘူး။ ကျွန်တော်ရေးသားတဲ့ "သူတို့ ဘယ်လို အသစ်ဖန်တီးသလဲ" စာစုပါ အာဘော်များလိုပဲ၊ အသစ်ဖန်တီးတယ်ဆိုတာ ကိုယ်ရဲ့အစဉ်အလာအတွင်း ကိုယ်ရဲ့တွေ့ကြုံခံစားမှုအတွင်းကနေသာလျှင် အသစ်ဖန်တီးထုတ်လုပ်ရတယ်လို့ မြင်တယ်။ ယနေ့ခေတ်ပြိုင် အနုပညာနယ်ပယ်ဟာ ဆောင်းပါးများ၊ သုတေသနစာတမ်းများ ရေးသလို စု–တု–ပြု ဆိုတာမျိုးလုပ်ဖို့ မဖြစ်နိုင်ဘူး။ တစ်ကယ်လို့ အနောက်လူ့အဖွဲ့အစည်းကိုဖြစ်စေ အရှေ့လူ့အဖွဲ့အစည်းကိုဖြစ်စေ ဆောင်းပါးနဲ့ သုတေသနစာတမ်းတွေမှာ ခုခံကြွေးကြော်သလို စု–တု–ပြုလုပ်မယ်ဆိုရင် စု မှာ ပြဿနာမရှိနိုင်ပေမယ့် တု ဟာ ယနေ့ခေတ်ပြိုင်ကာလအတွင်းက အနုပညာတွေအတွက် မှားယွင်းတဲ့အယူအဆတစ်ခု၊ ဝေါဟာရတစ်ခုဆိုတာ ရှင်းစရာ လိုမယ်မထင်ပါဘူး။ ပလေတိုးရဲ့ တုပခြင်း သဘောတရားဆိုတာ ယနေ့မှာ အသစ်ဖန်တီးထုတ်လုပ်တဲ့ အနုပညာရှင် အဆက်ဆက်အတွက် လက်ခံနိုင်စရာ မရှိတော့တာ၊ ကာလတစ်ရား အတော်ကြာမြင့်ခဲ့ပါပြီ။ ခပ်လွယ်လွယ်ပြောရရင်တော့ တီထွင်ဖန်တီးမှုနဲ့ တုပခြင်းကို ကျွန်တော်တို့ ကောင်းကောင်းကွဲဖို့ လိုပါမယ်။

တကယ်တော့ ဒီစာအုပ်ရေးသားခြင်းရဲ့ ရည်ရွယ်ချက်က စာပေသမိုင်းဆိုင်ရာ ရေးသားပုံနဲ့ စာပေသမိုင်းရေးသားခြင်းဆိုင်ရာ အမြင်တစ်ရပ်ကို ဖော်ပြလိုခြင်းဖြစ်တယ်။ ဒီစာအုပ်ကို ရေးရာမှာ မော်ဒန်ပို့စ်မော်ဒန် စာပေသမိုင်းစာအုပ် အများစုကို အကိုးအထောက်ပြုပေမဲ့ အဓိကအားဖြင့် စာအုပ်လေးအုပ်ကိုသာ ညွှန်းလိုတယ်။ ဒီစာအုပ်လေးအုပ်ဟာ ခေတ်ပြိုင်စာပေသမိုင်းအတွက်တင်မကဘူး၊ စာပေသမိုင်း ရေးသားပုံအတွက်ပါ ဩဇာကြီးမားတဲ့ စာအုပ်တွေဖြစ်တယ်။ The Cambridge History of American Literature, volume seven နဲ့ volume six ပါပဲ။ ဆက်ဗန်ဘားကိုးဗစ်ချ် ဆိုတဲ့ သမိုင်းသစ်ဝါဒီတည်းဖြတ်တယ်။ ကျန်နှစ်အုပ်ကတော့ သမိုင်းသစ်ဝါဒကို စတင်ခဲ့သူ စတပ်ဖင်ဂရင်းဘလတ်ရဲ့ Redrawing the Boundary နဲ့ Emory Elliot တည်းဖြတ်တဲ့ The Columbia History of the American novel ပါပဲ။ ဒီစာအုပ်တွေဟာ စာပေသမိုင်းကို ရေးသားရာမှာ ဘောဖယ်ထုတ်ခံ အရေးအသားနဲ့ လွှမ်းမိုးကြီးစိုးခဲ့ကြားထဲက ပါဝါလည်ပတ် အလုပ်လုပ်ပုံ၊ အင်စတီကျူးရှင်းနဲ့ ပညာရပ်ဆိုင်ရာအရေးအသား တွေ လည်ပတ်အလုပ်လုပ်၊ ဒီအရာတွေက အသိပညာဆိုင်ရာနဲ့ ရသဆိုင်ရာတွေ အပေါ် ရေးသားပို့ချပုံတို့ကို ဖော်ပြထားတယ်။ ဒါနဲ့အတူ အထက်ပါ စာအုပ်ပါ ပညာရှင်တွေရဲ့ မော်ဒန်အပေါ် လွှမ်းမိုးကြီးစိုးတဲ့ အထက်အောက် ဖိစီးတဲ့ အရေးအသားအဖြစ် မြင်ပုံကိုပါ တွေ့ရမယ်။

**မင်းခက်ရဲ**

# မာတိကာ


| | | |
|---|---|---|
| အခန်း (၁) | အဲလီယက်ကြီးရဲ့ အပြောင်းအလဲ | ၃ |
| အခန်း (၂) | အဲဇရာပေါင်းရဲ့ အသစ်လုပ်ကြမှာဖြစ်နေတဲ့ ပဋိပက္ခ | ၁၃ |
| အခန်း (၃) | မော်ဒန်ဝါဒီတွေရဲ့ နိုင်ငံရေး | ၂၃ |
| အခန်း (၄) | မော်ဒန်ဝါဒီတွေရဲ့ ဖိနှိပ်မှု | ၃၇ |
| အခန်း (၅) | အဖိနှိပ်ခံ မော်ဒန်ဝါဒီ | ၄၇ |
| အခန်း (၆) | မော်ဒန်ဝါဒမှ ဖောက်ထွက်ခြင်း | ၅၇ |
| အခန်း (၇) | ပို့စ်မော်ဒန်လမ်းစ | ၆၉ |
| အခန်း (၈) | ၁၉၇၀ ခုနှစ်များ ပို့စ်မော်ဒန်ကာလ | ၈၅ |
| အခန်း (၉) | ပထမမျိုးဆက်ပို့စ်မော်ဒန် | ၉၇ |
| အခန်း (၁၀) | ဒုတိယမျိုးဆက်ပို့စ်မော်ဒန် | ၁၀၇ |
| | နိဂုံး | |
| | ပို့စ်–ပို့စ်မော်ဒန် | ၁၁၃ |